# အမျိုးအစားသစ်ကိုရိုနာဗိုင်းရပ်စ် COVID-19 နှင့်ပတ်သက်၍ တိုကျိုမြို့၏မြို့သူမြို့သားများအားလုံးကို မေတ္တာရပ်ခံအပ်ပါသည်။

○ ယခုလက်ရှိတွင် အမျိုးအစားသစ်ကိုရိုနာဗိုင်းရပ်စ် COVID-19 ကူးစက်ခံရသူ အလွန်တိုးပွားလျက်ရှိပါသည်။ အန္တရာယ်ရှိပါသည်။ ဘေးအန္တရာယ်များပါသည်။
○ တိုကျိုမြို့သည် Omicron မျိုးကွဲအသစ် လျင်မြန်စွာ ကူးစက်ပြန့်ပွားနေမှုအတွက် အရေးပေါ် ထိန်းချုပ်မှုများလုပ်ဆောင်ပါမည်။ ယခုအရေးကြီးသည်မှာ အမျိုးအစားသစ်ကိုရိုနာဗိုင်းရပ်စ် COVID-19 ထပ်မံ ဖြစ်လာမည့်သူ မများလာစေရန် ကာကွယ်ရေး ဖြစ်သည်။
○ အမျိုးအစားသစ်ကိုရိုနာဗိုင်းရပ်စ် COVID-19 မဖြစ်ပွားစေရန် နေထိုင်စားသောက်ပုံကို ပြောင်းလဲပါရန် မေတ္တာရပ်ခံပါသည်။

**ဘယ်အချိန်မှ ဘယ်အချိန်ထိ**

နိုဝင်ဘာလ ၁ရက်နေ့ (အင်္ဂါနေ့) နံနက် 0 နာရီ မှ ဇန်နဝါရီလ ၃၁ရက်နေ့ (တနင်္လာနေ့) ည ၁၂နာရီအထိ

**မေတ္တာရပ်ခံချက်**

**တိုကျိုမြို့တွင် နေထိုင်သူများ**

○ ပြတင်းပေါက်မရှိသောနေရာများ သို့မဟုတ် လေဝင်လေထွက်မကောင်းသောနေရာများသို့ မသွားပါနှင့်။
○ လူကြပ်သောအချိန်၌ အပြင်ထွက်ခြင်း၊ လူထူထပ်သောနေရာများသို့သွားခြင်း မပြုပါနှင့်။
○ တစ်ဦးနှင့်တစ်ဦး နီးကပ်၍ စကားပြောခြင်း၊ အသံကျယ်ကျယ် စကားပြောခြင်းတို့ကို ရှောင်ကြဉ်ပါ။
○ တစ်ဦးနှင့်တစ်ဦး ကြားတွင် နေရာခြားထားပါ။
○ နှာခေါင်းစည်း Mask တပ်ထားပါ။
○ လက်ကို တစ်နေ့ အကြိမ်ပေါင်းများစွာ ဆေးပါ။
○ စားသောက်ဆိုင်စသည်တို့တွင် ထမင်းစားသည့်အခါ လူနည်းနည်းနှင့် အချိန်တိုတိုသာနေပါ။
○ အရေးပေါ်အခြေအနေ/ ဦးစားပေးအဆင့် သတ်မှတ်ထားသည့်ဒေသများ (အမျိုးအစားသစ်ကိုရိုနာဗိုင်းရပ်စ်ဖြစ်ပွားသူများပြားသည့် ဒေသ) သို့ တတ်နိုင်သရွေ့ မသွားပါနှင့်။
○ အဖျားရှိပါက ခရီးမသွားပါနှင့်။
○ သံသယရှိပါက PCR စစ်ဆေးခြင်း (အမျိုးအစားသစ်ကိုရိုနာဗိုင်းရပ်စ် ကူးစက်ခံရမှု ရှိမရှိကို စစ်ဆေးခြင်း) ကို လုပ်ဆောင်ပါ။

**ဆိုင်ဖွင့်ထားသူများ**

ဆိုင်ဖွင့်ချိန် လျှော့ချခြင်း၊ ပွဲလမ်းသဘင်များနှင့် ပတ်သက်သည့် မေတ္တာရပ်ခံချက်

※ နောက်စာမျက်နှာကို ကြည့်ပါ။

一般財団法人
東京都つながり創生財団
Tokyo Metropolitan Foundation "TSUNAGARI"

# မေတ္တာရပ်ခံချင်သည့် စင်တာများ (စားသောက်ဆိုင် နှင့် လက်ဖက်ရည်ဆိုင် စသည်) ①

| စင်တာများ | မေတ္တာရပ်ခံချက် |
| --- | --- |
| စားသောက်ဆိုင်များ | ● 『လုပ်ငန်းအလိုက် ညွှန်ကြားချက်』 များကို လိုက်နာပါ။ |
| အပန်းဖြေစင်တာများ စသည် | ● **「အသေးစိတ်စစ်ဆေးရေး TOKYO Support」ပရောဂျက်မှ 「ကူးစက်မှုထိန်းချုပ်ရေး အသေးစိတ်စစ်ဆေးချက်လက်မှတ်※」ကိုလက်ခံရရှိထားပြီး ဆိုင်ရှေ့တွင်ကပ်ထားသောဆိုင်**<br>・အုပ်စုလိုက် ဧည့်သည်များအနေနှင့် 4ဦးအထိသာ စားပွဲတစ်ခုတည်းတွင် ထိုင်နိုင်သည်။<br>・လူ 5 ဦး သို့မဟုတ် ထို့ထက်ပိုပါက ① နှင့် ② ကိုအသုံးပြု၍ အမျိုးအစားသစ်ကိုရိုနာဗိုင်းရပ်စ် ရောဂါကာကွယ်ဆေး ထိုးထားပြီးဖြစ်ကြောင်း ပြသပါ။<br>① "TOKYO Wakushon App" → ①<br>② ကာကွယ်ဆေးထိုးပြီးကြောင်းလက်မှတ် (သင်ကာကွယ်ဆေးထိုးထားကြောင်းပြသသောစာရွက်)<br>・「အသေးစိတ်စစ်ဆေးရေး TOKYO Support」ပရောဂျက်၏ စည်းကမ်းချက်များကို လိုက်နာပါ။ |
| အစည်းအဝေးခန်းမ စသည် (မင်္ဂလာခန်းမ) | ● **「ကူးစက်မှုထိန်းချုပ်ရေး အသေးစိတ်စစ်ဆေးချက်လက်မှတ်※」ရရှိထားခြင်းမရှိ၊ ဆိုင်ရှေ့တွင်ကပ်ထားခြင်း မရှိသောဆိုင်**<br>・အုပ်စုလိုက် ဧည့်သည်များအနေနှင့် 4ဦးအထိသာ စားပွဲတစ်ခုထဲတွင် ထိုင်နိုင်သည်။<br>・အရက်ရောင်းချနိုင်သောအချိန် : မနက် 11နာရီမှ ည 9နာရီအထိ<br>・ဧည့်သည်မှ အရက် သယ်ဆောင်လာနိုင်သောအချိန် : မနက် 11နာရီမှ ည 9နာရီအထိ |

※


# မေတ္တာရပ်ခံချင်သည့် စင်တာများ (စားသောက်ဆိုင် နှင့် လက်ဖက်ရည်ဆိုင် စသည်) ②

<table>
<tr><th>စင်တာများ</th><th>မေတ္တာရပ်ခံချက်</th></tr>
<tr><td>စားသောက်ဆိုင်များ</td><td rowspan="3">● ကာရာအိုကေ ပါရှိသောဆိုင်<br>・အခန်းတစ်ခန်းထဲတွင် လူအများ စုဝေးခြင်း မပြုပါနှင့်။<br>・အခန်းအတွင်းရှိ လေထုကို အမြဲ သန့်စင်စေပါ။<br>・နှာခေါင်းစည်း Mask ကို ပုံမှန်ပိုးသတ်ပါ။<br>・အမျိုးအစားသစ်ကိုရိုနာဗိုင်းရပ်စ်ရောဂါ မဖြစ်ပွားစေရန် ဂရုစိုက်ပါ။<br></td></tr>
<tr><td>အပန်းဖြေစင်တာများ စသည်</td></tr>
<tr><td>အစည်းအဝေးခန်းမ စသည် (မင်္ဂလာခန်းမ)</td></tr>
</table>

# မေတ္တာရပ်ခံချင်သည့် စင်တာများ (အခြားသူများ) ①

<table>
<tr><th>စင်တာများ</th><th>မေတ္တာရပ်ခံချက်</th></tr>
<tr><td>ရုပ်ရှင်ရုံ၊ ပြဇာတ်ရုံ၊ အနုပညာခန်းမ စသည်</td><td rowspan="11">● ကာရာအိုကေ အသုံးပြုသည့်အခါ<br>・အခန်းတစ်ခန်းထဲတွင် လူအများ စုဝေးခြင်း မပြုပါနှင့်။<br>・အခန်းအတွင်းရှိ လေထုကို အမြဲ သန့်စင်စေပါ။<br>・နှာခေါင်းစည်း Mask ကို ပုံမှန်ပိုးသတ်ပါ။<br>・အမျိုးအစားသစ်ကိုရိုနာဗိုင်းရပ်စ်ရောဂါ မဖြစ်ပွားစေရန် ဂရုစိုက်ပါ။<br><br>● စင်တာများမှ ဧည့်သည်တော်များထံ မေတ္တာရပ်ခံချက်<br>・လူအများစုဝေး၍ အစားစားခြင်း မပြုလုပ်ပါနှင့်။<br>・အချိန်ကြာမြင့်စွာ စားသုံးခြင်း၊ အရက်သေစာ သောက်စားခြင်း မပြုပါနှင့်။<br>● ဆိုင်နှင့် စင်တာများအတွင်းသို့ ဝင်ရောက်မည့် လူဦးရေကို လျှော့ချပါ။<br>● 『လုပ်ငန်းအလိုက် ညွှန်ကြားချက်』 များကို လိုက်နာပါ။<br>● အမျိုးအစားသစ်ကိုရိုနာဗိုင်းရပ်စ်ရောဂါ မဖြစ်ပွားစေရန် ဂရုစိုက်ပါ။</td></tr>
<tr><td>အစည်းအဝေးခန်းမ၊ ပြည်သူ့ခန်းမ စသည်</td></tr>
<tr><td>ပြခန်း၊ ယဉ်ကျေးမှုပြတိုက် စသည်</td></tr>
<tr><td>ကုန်တိုက်၊ ဈေးဝယ်စင်တာ စသည်</td></tr>
<tr><td>ဟိုတယ်၊ ဂျပန်စတိုင်တည်းခိုခန်း<br>(စုဝေးရန်အသုံးပြုမည့်နေရာသာလျှင်)</td></tr>
<tr><td>ဘော့စ်ဘောကွင်း၊ အားကစားရုံ၊ အားကစားကလပ် စသည်</td></tr>
<tr><td>Theme Park ပျော်စရာပန်းခြံ၊ ကလေးကစားကွင်း၊ pachinko ဆိုင်များ၊ ဂိမ်းစင်တာ စသည်</td></tr>
<tr><td>ပြတိုက်၊ အနုပညာပြခန်း၊ တိရိစ္ဆာန်ရုံစသည်</td></tr>
<tr><td>သီးသန့်ခန်းပါရေချိုးခန်းလုပ်ငန်းနှင့် ဆိုင်သောအများသုံးရေချိုးခန်း၊ သီးသန့်ခန်းပါဗီဒီယိုဆိုင် စသည်</td></tr>
<tr><td>စုပါမားကတ်ရှိအများသုံးရေချိုးခန်း၊ အလှအပဆိုင်ရာလုပ်ငန်း စသည်</td></tr>
<tr><td>စက်ဘီးစီး လေ့ကျင့်ကွင်းများ၊ သင်ကြားရေးကျူရှင်များ စသည်</td></tr>
</table>

# မေတ္တာရပ်ခံချင်သည့် စင်တာများ(အခြားသူများ) ②

<table>
<tr><th>စင်တာများ</th><th>မေတ္တာရပ်ခံချက်</th></tr>
<tr><td>ရုပ်ရှင်ရုံ၊ ပြဇာတ်ရုံ၊ အနုပညာခန်းမ စသည်</td><td rowspan="11">■ ဆိတ်ငြိမ်၍ လူဝင်လူထွက်နည်းသော နေရာများ<br>※သတ်မှတ်ဦးရေ=ဝင်ဆံ့သည့်ဦးရေ<br>・သတ်မှတ်ဦးရေ 5,000ဦး အောက်：သတ်မှတ်ဦးရေ အထိ<br>・သတ်မှတ်ဦးရေ 5,000ဦး အထက် ～10,000ဦး အောက်：5,000ဦး အထိ<br>・သတ်မှတ်ဦးရေ 10,000ဦး အထက်：သတ်မှတ်ဦးရေ၏ တစ်ဝက်အထိ<br><br>—တိုကျိုမြို့တွင်「ကူးစက်မှုထိန်းချုပ်ရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းရေး အစီအစဉ်」ကို ကြေငြာခဲ့သည် ဆိုပါက<br>ညှော့သည့်ဦးရေသည် 5,000ဦးနှင့် အထက်ရှိပြီး၊ သတ်မှတ်ဦးရေ၏ 50% အထက်ရှိနေစေကာမူ သတ်မှတ်ဦးရေ အထိ ဝင်ခွင့်ပြုမည် ဖြစ်သည်။<br>「ကူးစက်မှုထိန်းချုပ်ရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းရေး အစီအစဉ်」<br><br>■အသံအလွန်ကျယ်သည့် ပွဲများ<br>・သတ်မှတ်ဦးရေ၏ တစ်ဝက်အထိ</td></tr>
<tr><td>အစည်းအဝေးခန်းမ၊ ပြည်သူ့ခန်းမ စသည်</td></tr>
<tr><td>ပြခန်း၊ ယဉ်ကျေးမှုပြတိုက် စသည်</td></tr>
<tr><td>ကုန်တိုက်၊ ဈေးဝယ်စင်တာ စသည်</td></tr>
<tr><td>ဟိုတယ်၊ ဂျပန်စတိုင်တည်းခိုခန်း<br>(စုဝေးရန်အသုံးပြုမည့်နေရာသာလျှင်)</td></tr>
<tr><td>ဘော့စ်ဘောကွင်း၊ အားကစားရုံ၊ အားကစားကလပ် စသည်</td></tr>
<tr><td>Theme Park ပျော်စရာပန်းခြံ၊ ကလေးကစားကွင်း၊ pachinko ဆိုင်များ၊ ဂိမ်းစင်တာ စသည်</td></tr>
<tr><td>ပြတိုက်၊ အနုပညာပြခန်း၊ တိရိစ္ဆာန်ရုံစသည်</td></tr>
<tr><td>သီးသန့်ခန်းပါရေချိုးခန်းလုပ်ငန်းနှင့်<br>ဆိုင်သောအများသုံးရေချိုးခန်း၊ သီးသန့်ခန်းပါဗီဒီယိုဆိုင်<br>စသည်</td></tr>
<tr><td>စူပါမားကတ်ရှိအများသုံးရေချိုးခန်း၊<br>အလှအပဆိုင်ရာလုပ်ငန်း စသည်</td></tr>
<tr><td>စက်ဘီးစီး လေ့ကျင့်ကွင်းများ၊ သင်ကြားရေးကျူရှင်များ<br>စသည်</td></tr>
</table>